NAMATI
INNOVATIONS IN LEGAL EMPOWERMENT

ဇန်နဝါရီ ၂၀၁၇

# မြန်မာနိုင်ငံတွင် မြေယာလုပ်ကိုင်ခွင့်များ ခိုင်မာပြီဟုဆိုနိုင်သည့် အထောက် အထားများ မလုံလောက်သေးပါ။ ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာသည့် လုပ်ထုံးလုပ်နည်းများလိုအပ်နေပါသေးသည်

*NLD အစိုးရသစ်လက်ထက်တွင် ၂၀၁၆ ခုနှစ် မေလမှစ၍ "လယ်ယာမြေနှင့်အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ" များကို အလွှာအသီးသီးတွင် ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ ယခင်အစိုးရ လက်ထက်တွင် ဖွဲ့စည်းခဲ့သည့် မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီကဲ့သို့ပင် ယခုဖွဲ့စည်း လိုက်သည့် ပြန်လည်စိစစ်ရေးကော်မတီများကို မြေယာသိမ်းဆည်းခံရမှုများအား ပြန်လည် စိစစ်နိုင်ရန် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့သည်။ အဆိုပါကော်မတီများ၏ လုပ်ပိုင်ခွင့် အတိုင်းအတာအတိအကျမှာ ရှင်းလင်းပြတ်သားခြင်း မရှိခဲ့သည့်အပြင် လုပ်ပိုင်ခွင့် တိုးမြှင့်ပေးအပ်လာသည့် ပမာဏမှာလည်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ခုနှင့်တစ်ခု မတူညီ ကြပေ။ အဆိုပါ*

ပြန်လည်စိစစ်ရေးကော်မတီများအနက် အောက်ခြေမြို့နယ်အဆင့်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများကို ပါဝင်ဖွဲ့စည်းထားသည်။ ယခင်ကနှင့် ကွဲပြားသွားသည့်အချက်မှာမူ အလွှာအသီးသီးတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း သို့မဟုတ် ဒေသခံကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာကြခြင်းဖြစ်သည်။

ထိုကော်မတီများမှ ရင်ဆိုင်နေရသည့်အခက်အခဲတစ်ခုမှာ အငြင်းပွားနေသည့် မြေယာမှုခင်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးနေခြင်း၊ မပြည့်စုံခြင်း သို့မဟုတ် မကိုက်ညီခြင်းတို့ပင်ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေးများဖော်ဆောင်ရာတွင် မြေယာပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ၏ အရေးပါသည့်အခန်းကဏ္ဍကို စေ့ငုမိရန်အတွက် မူဝါဒဆိုင်ရာ Namati ၏ ဤအနှစ်ချုပ်စာတမ်းတွင် ထည့်သွင်းဖော်ပြထားရခြင်းဖြစ်ပါသည်။ ထို့အပြင် တောင်သူလယ်သမားများအတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် တရားမျှတမှုတို့ ဖြည့်ဆည်းဖော်ဆောင်ပေးရာတွင် ရိုးရှင်း၍ပွင့်လင်းမြင်သာမှုရှိသည့်ယန္တရားများ ကျင့်သုံးနိုင်ရေးအတွက်ကိုလည်း အစိုးရအား အကြံပြုတိုက်တွန်းလိုပါသည်။ ခြုံငုံသုံးသပ်ရလျှင် မြေယာအငြင်းပွားမှုများအား ဖြေရှင်းရာတွင် လက်ရှိကျင့်သုံးနေသည့်နည်းစနစ်များသည် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထား လက်ဝယ်ရှိသူနှင့် မရှိသူတို့အား အဆင့်အတန်းခွဲခြား ဆက်ဆံနေသကဲ့သို့ ဖြစ်နေပါသဖြင့် ဤအချက်ကို ပြုပြင်ပြောင်းလဲသင့်ပါသည်။ တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတော်အစိုးရအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံရှိထားသူများကိုလည်း ဦးစားပေးစဉ်းစားကာ ဖြေရှင်းပေးနိုင်ရပါမည်။

မြန်မာနိုင်ငံအတွင်းမှ တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏မြေယာပိုင်ဆိုင်ခွင့်များ လျှောက်ထားရယူနိုင်ရေးအတွက် Namati နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများမှတစ်ဆင့် ကူညီပံ့ပိုးပေးလျှက်ရှိပါသည်။ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများကိုလည်း အမျိုးမျိုးသော မြေယာသိမ်းဆည်းခံရမှုများအတွက် လယ်သမားများနှင့် လက်တွဲဖြေရှင်းနိုင်စေရန် လုပ်ငန်းပိုင်းအရဆက်စပ်နေသည့် ဥပဒေများ၊ ရပ်ရွာလူထုအား ပညာပေးခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ကြားဝင်ဖြန်ဖြေမှုဆိုင်ရာ စွမ်းရည်များကို လေ့ကျင့်သင်ကြားထားပေးပြီးဖြစ်သည်။

လက်ရှိဥပဒေမူဘောင်သည် လက်တွေ့တွင် မည်မျှဖြေရှင်းပေးနိုင်သည်ကို ဖော်ထုတ်နိုင်ရန် မှုခင်းတစ်ခုချင်းစီ၏ [1] ဖြေရှင်းမှုလုပ်ငန်းစဉ်များအတွက် အချက်အလက်ဒါဇင်ပေါင်းများစွာကို

[1] လယ်သမား ၂၁၀၀၀ ၏ မြေယာလုပ်ပိုင်ခွင့်လျှောက်ထားမှုအတွက် Namati နှင့် မိတ်ဖက်များသည် အမှုအခင်းပေါင်း ၃၅၀၀ ကျော်အား ၂၀၁၃ ခုနှစ်မှစ၍ ကူညီပံ့ပိုးပေးလျှက်ရှိပါသည်။


*မှတ်တမ်းပြုစုခဲ့ရပါသည်။ အချက်အလက်စုဆောင်းသည့်နည်းလမ်းများနှင့် အချက်အလက်များ၏ အရည်အသွေးကိုလည်း ပုံမှန်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပါသည်။ ဤအကျဉ်းချုပ်စာတမ်းတွင် ထည့်သွင်းဖော်ပြထားသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများဆိုင်ရာ အချက်အလက်များအား အမျိုးအစားအလိုက် သို့မဟုတ် ထိရောက်နိုင်မာမှုပမာဏအလိုက် အုပ်စုအမျိုးအစားခွဲခြား၍ သုံးသပ်နိုင်ခဲ့ခြင်းမရှိသည်ကို မှတ်တမ်းတင်အပ်ပါသည်။ ထို့ကြောင့်လည်း ဤစာတမ်းပါ ကောက်ချက်များအား စစ်ကြောရာတွင် အဆိုပါအားနည်းချက်ကိုပါထည့်သွင်းစဉ်းစားရန် သတိချပ်စေလိုပါသည်။ ဥပဒေအထောက်အကူပြုသူများ၊ အမှုရင်ဆိုင်နေရသူများ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ[2]အား ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများကြောင့် အရည်အသွေးပြည့်မီသည့် နောက်ခံအကြောင်းအရာများနှင့် သုံးသပ်တွေးမြင်ချက်များကိုလည်း ထပ်မံဖြည့်တင်းပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းမှ ရပ်ရွာလူထုများ၏ ဖြစ်ရပ်မှန်အတွေ့အကြုံများအပေါ် မူတည်စဉ်းစား၍ ကောက်နုတ်ချက်များ ဖော်ထုတ်ချမှတ်ခဲ့ပါသည်။*

# ၁ - မြေယာအသုံးပြုမှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်း မရှိခြင်းကလည်း အုပ်ချုပ်ရေးပိုင်းမှ မိမိအမှုအား ကိုင်တွယ်ဖြေရှင်းမှုအပေါ် သက်ရောက်မှုများစွာရှိနေပါသည်

a. အထောက်အထားစာရွက်စာတမ်းများနှင့်ဆက်စပ်နေသည့် သက်သေထွက်ဆိုချက်(လယ်နီးချင်းမျက်မြင်သက်သေ)များကို လက်ရှိတရားစီရင်ရေးစနစ်တွင် လက်ခံစဉ်းစားပေး လေ့ရှိသည်။ သို့သော် အထောက်အထားစာရွက်စာတမ်း မရှိသည့် အမှုများတွင်မူ

[2] ဤစာတမ်းအတွင်းတွင် သက်ဆိုင်ရာအမည်များကို ပြောင်းလဲဖော်ပြပေးထားပါသည်။

## တရားရင်ဆိုင်ရသည့်ကာလ ရှည်ကြာလေ့ရှိပြီး တရားမဝင် ပေးအပ်ရသည့်ငွေကြေးပမာဏမှာလည်း မြင့်မားလေ့ရှိသည်[3]။





လက်ရှိကျင့်သုံးနေသော နည်းစနစ်အရ မြေယာမှတ်ပုံတင်ခြင်း သို့မဟုတ် မြေယာလုပ်ပိုင်ခွင့် (ပိုင်ဆိုင်ခွင့်)ရာဇဝင် တည်ဆောက်ခြင်း တို့တွင် အခွန်ပြေစာများ၊ အခြားသော စာရွက် စာတမ်းများကဲ့သို့ပင် မျက်မြင်သက်သေထွက်ဆိုချက်များ (လယ်နီးချင်းအသိသက်သေ) ကိုလည်းလက်ခံ စဉ်းစားပေးနိုင်ပါသည်ဟု ပြည်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းမှ အစိုးရတာဝန်ရှိသူများက အသိအမှတ်ပြုပြောကြားသွားခဲ့ကြသည်။ [4] ပိုင်ဆိုင်မှု အထောက်အထားမရှိကြသည့်၊ ရှိခဲ့ဖူးသော်ငြား ရေကြီးနစ်မြုပ်မှုကြောင့် ပျောက်ဆုံးသွားကြ သူများ၊ ရာသီဥတုကြောင့် စုတ်ပြဲပျက်စီးသွားသူများ၊ စနစ်တကျသိမ်းဆည်းမှုမရှိ၍ ပျောက်ဆုံး သွားကြသည့် လယ်သမားများအတွက် ဤအချက်က အလွန်အရေးကြီးပေသည်။ သိမ်းဆည်း ခံရသည့် လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် လွှတ်တော် သို့မဟုတ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အသနားခံတင်ပြခဲ့ကြသည့် လယ်သမားအချို့မှာလည်း ၎င်းတို့၏ လယ်ယာမြေများ ပြန်လည်မရရှိကြသည့်အပြင် တင်ပြပေးခဲ့သည့် စာရွက်စာတမ်းများပါ

[3] ဤစာတမ်းတွင် နည်းပညာပိုင်းဆိုင်ရာ ကောက်ချက်ချမှုများအတွက် သုံးသပ်ချက်ယူနစ်အဖြစ် ၅၀ % ကို အသုံးပြုထားပါသည်။ စံသတ်မှတ်ချက်အဖြစ် ပြင်ပတိုင်းတာမှုစနစ် သို့မဟုတ် မူဂါဒများကို ထည့်သွင်းထားခြင်း မရှိပါ။ မှုခင်း ၂၂ % (n=726) တွင် အမှုသည် ၁၀ % အောက်တွင်သာ ပိုင်ဆိုင်မှုအထောက်အထားများ လက်ဝယ်ရှိထားသည်။ မှုခင်း ၇၇ % (n=2576) တွင် အမှုသည် အနည်းဆုံး ၅၀ % တွင် အထောက်အထားများ ရှိထားကြသည်။

[4] ဤစာတမ်းတွင် ဖော်ပြထားသည့် နမူနာအစုများမှာ ကျပန်းကောက်ယူထားခြင်းမဟုတ်ပါ။ ဥပဒေအထောက် အကူပြုသူများသည် ၎င်းတို့လိုက်ပါကူညီပေးရမည့် မှုခင်းများအဖြစ် သက်သေအထောက်အထား ခိုင်လုံသည့် (စာရွက်စာတမ်းများ လက်ဝယ်ရှိထားသည့်) မှုခင်းများကိုသာ ရွေးချယ်ခဲ့ကြပါသည်။ Namati မှ ပါဝင်ကူညီပေး ခဲ့သည့် မှုခင်းများအနက် ၇၈ % တွင် အမှုသည်ထက်ဝက်ကျော်သည် အထောက်အထားများ လက်ဝယ်ရှိထား ကြသည်။ သို့သော် မြေယာမှုခင်းအားလုံးအား ခြုံငုံသုံးသပ်ရမည်ဆိုပါက ၃၀ - ၄၀ % ခန့်သော မှုခင်းများ၌သာ အထောက်အထားတစ်စုံတစ်ရာ ပိုင်ဆိုင်ထားတတ်ကြသည်။

ပျောက်ဆုံးသွားခဲ့ရသည်ဟူသော ဇာတ်လမ်းအများအပြားကိုလည်း ကြားသိခဲ့ရပါသည်။ ယခု အခါတွင်မူ ယန္တရားအသစ်များစတင်ဖော်ဆောင်နေပြီဖြစ်ရာ ယခင်က လယ်သမားများဘက်မှ အနိုင်ရလုနီးပါးဖြစ်နေခဲ့သည့် မှုခင်းများကိုလည်း အသစ်မှပြန်စ၍ ကြားနာဖြေရှင်းပေးလျှက် ရှိပါသည်။ သို့သော် ယခင်အကြိမ်အတွင်း အမှုရင်ဆိုင်နေရစဉ်က တင်ပြခဲ့ဖူးသည့် စာရွက်စာတမ်းများမှာ ယခုအကြိမ်၌မူ လယ်သမားများလက်ဝယ်တွင် မရှိကြတော့ပေ။




မည်သို့ပင်ဆိုစေကာမူ သက်သေထွက်ဆိုချက်များအပေါ်တွင်သာ မှီခိုအားထားလွန်းသဖြင့် အစိုးရအဖို့ မြေယာအငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အချိန်ယူနေရဦးမည်သာဖြစ်သည်။ အထူးသဖြင့် လူနေကျဲပါးသည့် အရပ်ဒေသများတွင် ဤကိစ္စမျိုး အမြောက်အမြား ကြုံတွေ့ နေရသည်။ မြေစာရင်းဦးစီးဌာနမှဂန်ထမ်းများသည် မြေပြင်တွင် ကွင်းဆင်းတိုင်းတာခြင်း၊ လယ်နီးချင်းများထံမှ ထွက်ဆိုချက်များ ရယူနေခြင်းတို့ကြောင့် မလိုအပ်ဘဲ အချိန်နှောင့်နှေး မှုများစွာ ရှိနေသည်ဟု ဥပဒေအထောက်အကူပြုသူများ၊ အမှုရင်ဆိုင်နေရသူများက ဖွင့်ပြော လာပါသည်။ သက်သေထွက်ချက်များ လိုက်လံစုဆောင်းနေရခြင်းကြောင့် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများအဖို့ ခရီးမတွင်နိုင်ဘဲ ကြန့်ကြာနေဦးမည်သာပင်။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နှောင့်နှေးကြန့်ကြာမှုများသည် အကျင့်ပျက်ခြစား မှုများ ပေါ်ပေါက်လာစေရန် ဖန်တီးပေးတတ်သည်ကို အခြားနိုင်ငံများတွင်ပြုလုပ်ခဲ့သည့် သုတေသန လုပ်ငန်းများအရလည်း သိရှိမှတ်သားရပါသည်။[5] အချို့အခြေအနေများတွင် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်နိုင်ရန်အတွက် တမင်ရည်ရွယ်၍ အချိန်ဆွဲထားခြင်းမျိုးကိုလည်း လေ့လာတွေ့ရှိရသည်။[5] ကျွန်ုပ်တို့၏ မိတ်ဖက်ပုဂ္ဂိုလ်များသည် ၎င်းတို့ပံ့ပိုးကူညီပေးနေသည့် ရပ်ရွာလူထုများနှင့် ရင်းနှီးကျွမ်းဝင် နေသည်ဆိုသော်ငြား အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်းသည် အလွန်ထိရှလွယ်သည့်အကြောင်းအရာဖြစ်သောကြောင့် တရားမဝင်ပေးကမ်းရသည့် ငွေကြေးများအကြောင်း ဖော်ပြထားသည့် Namati ၏ စာတမ်းပါ အချက်အလက်များကို ယေဘုယျသဘောမျိုးသာ မှတ်ယူစေလိုပါသည်။[6]

မည်သို့ပင်ဆိုစေကာမူ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ မရှိသည့်အခါမျိုးတွင် လယ်သမားများသည် စာရွက်စာတမ်းရှိသည့်မှုခင်းများထက် တရားမဝင်ငွေကြေးပေးကမ်းရမှုများ ပိုမိုမြင့်မားလေ့ရှိကြောင်းကို ဤစာတမ်းပါ အချက်အလက်များက ညွှန်ပြနေပါသည် (မှုခင်းများ အနက် ၁၄ % နှင့် ၁၀ %)။ စာရွက်စာတမ်းများ လက်ဝယ်မရှိထားသည့်အခါမျိုးတွင် ပေးကမ်းရသည့်ပမာဏမှာလည်း သုံးဆခန့်ပိုမိုမြင့်မားလျက်ရှိသည်။

---

[5] Rushda Majeed ၏ Instilling Order and Accountability – Standard Operating Procedures of Indonesia's Ministry of Finance 2006-2007, Innovation for Successful Societies, Princeton University, April 2012 ကိုလည်း ကြည့်ပါ။ [အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပြတ်သားခြင်း မရှိသောကြောင့် အကျင့်ပျက်ခြစားမှုဖြစ်ပေါ်နိုင်စွမ်းကို မြင့်မားစေပါသည်။] ထို့အပြင် Mohamed Mohabbat Khan ၏ Political and Administrative Corruption Concepts, Comparative Experiences and Bangladesh Case. Transparency International 11/29/2004. [အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းတရားများတွင် မြန်မာနိုင်ငံကဲ့သို့ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ရုတ်ခြည်းပြောင်းလဲမှုများနှင့် အခွင့်အရေးများ ရယူသုံးစွဲခွင့်အတွက် အုပ်ချုပ်ရေးပိုင်းအား လုပ်ပိုင်ခွင့်ပေးထားခြင်းတို့ ပါဝင်နေသည်။]


[6] ပါဝင်ပတ်သက်သူများ၏ တွေးခေါ်ခံယူချက်များနှင့် အချက်အလက်ကောက်ယူမှုအနေအထားတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် တရားမဝင်ငွေကြေးများ ပေးဆောင်ခဲ့ရခြင်းရှိမရှိကို ဥပဒေအထောက်အကူပြုသူများကသာ ဦးဆောင်မေးမြန်း၍ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်။ အမှုသည်များမှ ထိုသို့ တရားမဝင်ငွေကြေးများ ပေးဆောင်ခဲ့ရခြင်းကို ဥပဒေအထောက်အကူပြုသူများ မသိလိုက်သည်များရှိနိုင်သကဲ့သို့ အမှုသည်များမှ ထုတ်ပြောလိုသောဆန္ဒမရှိခြင်း သို့မဟုတ် ထုတ်ပြောရမည်ကို မသိခြင်းတို့လည်း ဖြစ်နိုင်ပါသည်။ ထို့အပြင် လာဘ်ထိုးရခြင်းမှာ မိမိ၏လုပ်ငန်းအပိုင်းတွင် ကျွမ်းကျင်မှုမရှိခြင်းဟု ရှုမြင်ခံရမည်ကိုစိုးရိမ်သောကြောင့် ဥပဒေအထောက်အကူပြုသူများကိုယ်တိုင်က ထိုကဲ့သို့ တရားမဝင်ပေးဆောင်ရခြင်းမျိုးကို Namati နှင့် မိတ်ဖက်များအား အသိမပေးလိုခြင်းလည်းဖြစ်နိုင်ပါသည်။

# ၂ - ပိုင်ဆိုင်မှုစာရွက်စာတမ်းများသည် အထောက်အကူဖြစ်သည်ဆိုသော်ငြား မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့် ခိုင်မာ စေရေးအတွက်ကိုမူ မလုံလောက်သေးပေ

Namati နှင့် မိတ်ဖက်အဖွဲ့အစည်းများက ကူညီဖြေရှင်းပေးခဲ့သည့် မြေယာမှုခင်း ပုံစံအမျိုးမျိုး (များသောအားဖြင့် မြေယာသိမ်းဆည်းခံရမှု၊ မှတ်ပုံတင်ခြင်း၊ ကျေးရွာဒေသခံများ၏ မြေယာအငြင်းပွားမှု၊ ကျေးရွာအစုအဖွဲ့ပိုင်သစ်တော)နှင့်ပတ်သက်၍ အောင်မြင်ခဲ့သည့် နှုန်းထားများကိုလည်း ဂရုတစိုက်လေ့လာဆန်းစစ်ခဲ့ပါသည်။ မှုခင်းအမျိုးအစားအားလုံးအား ခြုံငုံသုံးသပ်ကြည့်သည့်အခါတွင် လယ်သမားတစ်ဦးသည် မြေယာပမာဏတစ်ခုတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြောင်းကို သက်သေထူပေးနိုင်မည့် အခွန်ထမ်းဆောင်ထားသည့်ပြေစာများ၊ ဘဏ်ချေးငွေစာအုပ်များကဲ့သို့ ပိုင်ဆိုင်မှုအထောက်အထားများသည် မြန်မာနိုင်ငံအတွင်း မြေယာလုပ်ပိုင်ခွင့်ခိုင်မာလုံခြုံနိုင်စွမ်းနှင့် အပြည့်အဝဆက်စပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျွန်ုပ်တို့ကူညီဖြေရှင်းပေးခဲ့သည့် မြေယာမှုခင်းများတွင် တစ်ဂက်မျှပင်မရှိသော အမှုသည်များက [7] ပိုင်ဆိုင်မှုအထောက်အထား မတင်ပြနိုင်သည့်မှုခင်းများတွင် လေးပုံတစ်ပုံခန့်သာလျှင် အမှုပြီးပြတ်အောင်မြင်ခဲ့ကြသည်။ နှိုင်းယှဉ်သုံးသပ်ရလျှင် အများစုမှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်ကြသည့် မှုခင်းများ၌ ထက်ဝက်ခန့်မှာ အနိုင်ရခဲ့ကြသည်။ ဤအချက်အလက် များကိုအခြားတစ်ဖက်မှ ပြောင်းလဲသုံးသပ်မည်ဆိုပါက ဖြေရှင်းပေးနိုင်ခဲ့သည့် မှုခင်းပေါင်း ၉၀ % ခန့်တွင် အနည်းဆုံးအားဖြင့်အမှုသည်ထက်ဝက်ခန့်မှာ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ဝယ်ရှိထားကြသည်။

[7] ဤစာတမ်းတွင် နည်းပညာပိုင်းဆိုင်ရာ ကောက်ချက်ချမှုများအတွက် သုံးသပ်ချက်ယူနစ်အဖြစ် ၅၀ % ကို အသုံးပြုထားပါသည်။ စံသတ်မှတ်ချက်အဖြစ် ပြင်ပတိုင်းတာမှုစနစ် သို့မဟုတ် မူဂါဒများကို ထည့်သွင်းထားခြင်း မရှိပါ။ မှုခင်း ၂၂ % (n=726) တွင် အမှုသည် ၁၀ % အောက်တွင်သာ ပိုင်ဆိုင်မှုအထောက်အထားများ လက်ဝယ်ရှိထားသည်။ မှုခင်း ၇၇ % (n=2576) တွင် အမှုသည် အနည်းဆုံး ၅၀ % တွင် အထောက်အထားများ ရှိထားကြသည်။

အမှုသည်အများစုတွင် စာရွက်စာတမ်းများ ရှိထားကြသည့် မြေယာအငြင်းပွားမှုများ




မှုခင်းစုစုပေါင်း - ၂၉၄

အမှုသည် ၅၀%အောက်တွင်သာ စာရွက်စာတမ်းများ ရှိထားကြသည့် မြေယာအငြင်းပွားမှုများ




မှုခင်းစုစုပေါင်း - ၁၃၄

သို့သော် ဤရလဒ်များသည် မြေယာပြဿနာအားလုံးကို လွှမ်းခြုံထားခြင်းမျိုးမဟုတ်ဘဲ မြေယာအငြင်းပွားမှုများကိုသာ အခြေခံဆန်းစစ်ထားခြင်းဖြစ်ပါသည်။ မြေယာအငြင်းပွားမှုများအား ဖြေရှင်းပေးခြင်း၏ ရလဒ်များတွင်မူ မြေယာပိုင်ဆိုင်မှု စာရွက် စာတမ်းများသည် တရားရင်ဆိုင်ရသည့် မှုခင်းများတွင်သာ အရေးမပါလှပေ။ အငြင်းပွား ကြသူအများစုတွင် စာရွက်စာတမ်းများရှိထားကြသည့် မြေယာအငြင်းပွားမှုများ၏ ၇၇ % ခန့်ကို ယခုထိတိုင် မဖြေရှင်းပေးနိုင်သေးပေ။

မည်သို့ဆိုစေ အမှုသည်ထက်ဝက်ကျော်တွင် စာရွက်စာတမ်းအထောက်အထား မရှိထားသည့် မြေယာအငြင်းပွားမှုများ (၈၁% ခန့်အား ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပေ) ထက်စာလျှင်မူ ဖြေရှင်းပေးနိုင်ခဲ့သည့်နှုန်းထားမှာ သာလွန်ကောင်းမွန်နေသေးပေသည်။ ထို့အပြင် အမှုသည်အများစုတွင် စာရွက်စာတမ်းများလက်ဝယ်ရှိထားသည့် ဖြေရှင်းပြီးမှုခင်း ၆၉ % အရ စာရွက်စာတမ်းများ လက်ဝယ်ရှိထားခြင်းသည် မိမိအမှုကိုပြေလည်အောင်ဖြေရှင်းပေးနိုင်ရေးတွင် အရေးပါကြောင်းကို လေ့လာတွေ့ရှိရသည်။ သို့သော် မဖြေရှင်းရသေးသည့်မှုခင်းများအနက် ၆၂ % တွင် အမှုသည်အများစုသည် စာရွက်စာတမ်းများပိုင်ဆိုင်ထားကြကြောင်းကိုလည်း တွေ့ရှိရပြန်သည်။

အမှုသည်အများစုတွင် ပိုင်ဆိုင်မှုအထောက်အထားများ ရှိထားသော်လည်း အမှုများအား ယခုကဲ့သို့ မဖြေရှင်းပေးနိုင်သည့်ပမာဏမြင့်မားနေရခြင်းမှာ အဆိုပါပိုင်ဆိုင်မှုအထောက်အထား လက်ဝယ်ရှိသည့်အနေအထား မတူညီခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် အချို့သော အမှုသည်များသည် သီးနှံခွန်ပြေစာစာရွက်များကို တစ်နှစ်စာမျှလောက်သာလက်ဝယ်ရှိထားပြီး အချို့ကမူ ဆယ်နှစ်ဆက်တိုက်စာမျှ တင်ပြနိုင်ခြင်းကြောင့် မြေယာပိုင်ဆိုင်ခွင့်လျှောက်ထား

ရာတွင် ပိုမိုခိုင်မာသည့် အထောက်အထားများအဖြစ် မှတ်ယူနိုင်ပေသည်။ ပိုင်ဆိုင်မှု စာရွက်စာတမ်းအမျိုးမျိုး၏ အရေးပါပုံအမျိုးမျိုးကို ဤစာတမ်းပါအချက်အလက်များတွင် ခွဲခြားသုံးသပ်နိုင်ခဲ့ခြင်းမရှိပါ။[8] မြေသိမ်းယူခဲ့သည့်အဖွဲ့အစည်းအပေါ် မူတည်၍ ပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်ခြင်းနှင့် အမှုအခင်းဖြေရှင်းပေးနိုင်ခြင်းတို့အကြား ဆက်စပ်နေမှုများ တစ်ခုနှင့်တစ်ခု မတူညီကြပေ။[9]

*အစိုးရဂဠန်ကြီးဌာနများမှ သိမ်းယူထားသည့်မြေများ* - အစိုးရဝန်ကြီးဌာနတစ်ခုခုမှ သိမ်းယူထားသည့် မြေယာမှုခင်းများအား ဖြေရှင်းပေးနိုင်သည့် ရာခိုင်နှုန်းမှာ ၁၅% ဖြစ်သည်။ ဖြေရှင်းပေးနိုင်ခဲ့သည့် မှုခင်းများအနက် ၉ဂ% တွင် အမှုသည်ထက်ဂက်ကျော်သည် ပိုင်ဆိုင်မှု အထောက်အထားများ လက်ဂယ်ရှိထားပြီး မြေသိမ်းခံရမှုအမျိုးအစားများအနက် အမြင့်ဆုံးပင်ဖြစ်သည်။ အမှုသည်အများစုတွင် စာရွက်စာတမ်းများ အထောက်အထားရှိထားသည့် မှုခင်းများအနက် ၈ဂ% ကို ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပေ။ အမှုသည်များတွင် စာရွက်စာတမ်းများရှိနေသည့်တိုင် အစိုးရဂန်ကြီးဌာနများ ပါဂင်ပတ်သက်နေသည့် မှုခင်းများသည် ဖြေရှင်းရန်ခက်ခဲတတ်သည့်အပြင် အထောက်အထားမရှိထားသည့် အမှုသည်များအဖို့ဆိုပါက ပြေလည်နိုင်မည့် အခွင့်အလမ်း အလွန်နည်းပါးကြောင်းကို ဤအချက်က မီးမောင်းထိုးပြနေပါသည်။


*ကုမ္ပဏီများမှ သိမ်းယူထားသည့်မြေများ* - ဖြေရှင်းပေးနိုင်သည့်ပမာဏမှာ ၁၃% သာ ရှိသည်။ ဖြေရှင်းပေးနိုင်ခဲ့သည့် မှုခင်းများအနက် ၄၃ % ရာခိုင်နှုန်းတွင်သာ အမှုသည်အများစု၌ စာရွက်စာတမ်းများ ရှိထားကြသည်။ ပိုင်ဆိုင်မှုအထောက်အထားများ ရှိခြင်းမရှိခြင်းကို ထည့်သွင်းစဉ်းစားမှုမပြုခြင်းဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ သို့သော် လေ့လာမှုစစ်တမ်းကောက်ယူခဲ့သည့် နမူနာအရွယ်အစား သေးငယ်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ (ဖြေရှင်းပေးနိုင်ခဲ့သည့် မှုခင်း(၇)ခုအပေါ်တွင်သာ အခြေခံသုံးသပ်ထားခြင်းဖြစ်ပါသည်)

---

[8] မှုခင်းဆိုင်ရာ အချက်အလက်ကောက်ယူမှုပုံစံအသစ်ဖြင့် ဤအခက်အခဲကို ဖြေရှင်းသွားရန် စီစဉ်လုပ်ဆောင်လျက်ရှိပါသည်။ အဆိုပါပုံစံအသစ်အား အရည်အတွက်အထူးပြု အချက်အလက်ကောက်ယူမှုအတွက်ကိုလည်း အသုံးပြုသွားရန် စီစဉ်ထားပြီး ယခုအခါ စမ်းသပ်အသုံးပြုလျက်ရှိပါသည်။

[9] ဤအချက်မှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကွဲပြားလျက်ရှိပါသည်။ နောင်တစ်ချိန်ပြုစုမည့် Namati ၏ မူဂါဒဆိုင်ရာ အကျဉ်းချုပ်စာတမ်းတွင်မှ မြေယာမှုခင်းများအား ဖြေရှင်းပေးနိုင်မှုနှုန်းထားများအပေါ် လွှမ်းမိုးနေသည့်အခြေခံအကြောင်းတရားများ ဒေသအလိုက် မတူညီကြပုံကို ပြည့်ပြည့်စုံစုံ ဆန်းစစ်သွားပါမည်။

ကုမ္ပဏီများသည် ၎င်းတို့သိမ်းယူထားသည့် မြေများအား ပြန်လည်စွန့်လွှတ်ခြင်းထက် အချို့ ဖြစ်ရပ်များတွင် စာသင်ကျောင်း သို့မဟုတ် ဆေးပေးခန်းများ အစားထိုး ဆောက်လုပ်ပေးရန် အစိုးရတာဝန်ရှိသူများက အကြံပြုလေ့ရှိသည်။ ထိုသို့သော ဖြစ်ရပ်မျိုးတွင် အထောက်အထား စာရွက်စာတမ်းများ ရှိခြင်းမရှိခြင်းသည် မြေယာ ပြန်လည်စွန့်လွှတ်သည့်အမှုများလောက် အရေးမကြီးတော့ပေ။ ကုမ္ပဏီများသည် သိမ်းယူထားသည့်မြေများအား အသုံးမပြုတော့သည့် အခါမျိုးတွင် မြေပြန်ရလိုမှု လျှောက်ထားလာသည့် လယ်သမားများ၏ အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိမရှိထက် ၎င်းတို့၏ဂုဏ်ပုဒ် ထိခိုက်လာမည့် အရေးကိုသာ ဦးစားပေး စဉ်းစားတတ်ကြကြောင်းကို ဥပဒေအထောက်အကူပြုသူအများစုက သုံးသပ်ကြသည်။ ကုမ္ပဏီများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသော ဒေသခံလူထုနှင့် ခင်မင်ရင်းနှီးမှု၊ ၎င်းတို့ ကုမ္ပဏီ၏ ပုံရိပ်တို့ကို မထိခိုက်စေရေးအတွက် လယ်သမားများတွင် ပိုင်ဆိုင်မှု အထောက်အထားများ မရှိနေသည့်တိုင် နစ်ဖက်လက်ခံနိုင်လောက်သောအခြေအနေရလဒ် မျိုးကို ဖော်ဆောင်ရာတွင် အစိုးရ သို့မဟုတ် စစ်တပ်တို့ထက် ပို၍လိုလိုလားလားရှိတတ်သည်။




အခြားတစ်ဖက်တွင်မူ ကုမ္ပဏီများပါဝင်ပတ်သက်နေသည့် မြေယာမှုခင်းများမှာ ဖြေရှင်းရန် အခက်အခဲဆုံးအဖြစ် ကျန်ရှိနေဆဲပင်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ကုမ္ပဏီများသည် အငြင်းပွားမှုပေါ်ပေါက်နေသည့် မြေယာအပေါ်တွင် စီးပွားရေးအကျိုးအမြတ်ရရှိရန် ဥပဒေအရ ခွင့်မပြုထားသည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေခြင်းကြောင့်ဖြစ်ကြောင်း အရည်အသွေးအထူးပြု သုတေသနလုပ်ငန်းရလဒ်များက ဖော်ပြနေသည်။ ထို့ပြင် ကုမ္ပဏီများက ၎င်းတို့သည် ဤမြေအားအသုံးပြုခွင့်ကို အစိုးရထံမှရရှိထားခြင်းဖြစ်သဖြင့် လယ်သမားများအနေဖြင့် မကျေနပ်ပါက အစိုးရနှင့်တိုက်ရိုက်သွားရှင်းနိုင်သည်ဟုလည်း မြေသိမ်းခံလယ်သမားများအား လမ်းကြောင်းလွှဲပေးတတ်ကြသေးသည်။

*စစ်တပ်မှသိမ်းယူသည့်မြေများ* - စစ်တပ်မှသိမ်းယူခဲ့သည့်မြေများအတွက် အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ခဲ့သည့်ရာခိုင်နှုန်းမှာ ၃၂ % ရှိပြီး မြေယာသိမ်းဆည်းမှုအမျိုးအစား

အားလုံးအနက် အမြင့်ဆုံးပင်ဖြစ်သည်။ ဖြေရှင်းပေးပြီးဖြစ်သည့် မှုခင်းများ၏ ၆၂ % တွင် အမှုသည်ထက်ဂက်ကျော်သည် အထောက်အထားစာရွက်စာတမ်းများ ပိုင်ဆိုင် ထားကြသည်။ အမှုသည်အများစုတွင် စာရွက်စာတမ်းများလက်ဂယ်ရှိထားကြသည့် မှုခင်း ၆၄ % ခန့်မှာမှုပြေလည်ခြင်းမရှိသေးပေ။ အခြားသော မြေယာသိမ်းဆည်းခံရမှု အမျိုးအစားများထက်စာလျှင် စစ်တပ်ပါဂင်ပတ်သက်နေသည့် မှုခင်းများသည် ဖြေရှင်းရလွယ်ကူတတ်ကြောင်း ဤအချက်က ညွှန်းဆိုနေပေသည်။ သို့သော် ထိုသို့ကွဲပြားရခြင်းတွင် အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းသည် တိုက်ရိုက်အကျိုးဂင်မှု မရှိပေ။

စစ်တပ်မှပတ်သက်နေသည့် မှုခင်းများနှင့် ဂန်ကြီးဌာနများပါဂင်ပတ်သက်နေသည့် မှုခင်းများအနက် ဖြေရှင်းပေးနိုင်သည့်ပမာဏ မည်သည့် အတွက်ကြောင့် ကွာခြားနေရသည်၊ ပိုင်ဆိုင်မှု အထောက်အထားများ၏အရေးပါပုံ စသည်တို့ကို လေ့လာဆန်းစစ်နိုင်ရန်အတွက် နောက်ထပ်သုတေသနလုပ်ငန်းများ ဆောင်ရွက် ကြည့်သင့်ပါသေးသည်။

# ၃ - ပိုင်ဆိုင်မှုအထောက်အထားများ အခိုင်အမာ[10] ရှိထားကြသည့် လယ်သမားများ အတွက်ကိုပင် ၎င်းတို့၏ရပိုင်ခွင့်များအား အာမမခံနိုင်ပေ

a. အုပ်ချုပ်မှုစနစ်တွင် ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် စာရွက်စာတမ်း အပြည့်အစုံရှိထားကြသည့် လယ်သမားများမှာလည်း စွန့်လွှတ်မြေ များအား ပြန်လည်လျှောက်ထားရာတွင် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင် ကြုံတွေ့နေရသည်။

[10] အချို့သောမှုခင်းများအား အရည်အသွေးအထူးပြု ဆန်းစစ်ချက်များမှပေါ်ထွက်လာသည့် ကောက်ချက် တစ်ရပ်ဖြစ်ပါသည်။ အထောက်အထားများသည် ဆက်တိုက်ဖြစ်သော နှစ်ပေါင်းများစွာအတွက်ရှိနေလျှင် သို့မဟုတ် ပုံစံ(၇) ဖြစ်နေလျှင် "ခိုင်မာသည်" ဟု မှတ်ယူထားပါသည်။

မိမိပိုင်ဆိုင်ခဲ့ဖူးသည့်လယ်ယာမြေများအား ပြန်လည်ရရှိနိုင်ရေးအတွက် လယ်သမားများမှ တင်ပြပေးရမည့် အရေးကြီးသည့် အထောက်အထားနှစ်မျိုးရှိပါသည်။ က) ထိုမြေအား ယခင်က ပိုင်ဆိုင်ခဲ့ဖူးကြောင်း အထောက်အထား (သီးနှံခွန်ပြေစာကဲ့သို့ စာရွက်စာတမ်းများ သို့မဟုတ် သက်သေတစ်ဦး၏ထွက်ဆိုချက်)နှင့် ခ) လျှောက်ထားသည့်မြေသည် စွန့်လွှတ် မြေများတွင် ပါဝင်ကြောင်း မြေပုံအတိအကျနှင့် မြေပုံညွှန်းအမှတ်အသားများပင်ဖြစ်သည်။[11] ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်များအရ အဖွဲ့အစည်းများသည် ၎င်းတို့ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေပုံများဖော်ထုတ်ပေး ရမည်ဟု ပါရှိပါသည်။ သို့သော် အဆိုပါမြေပုံများအား အများပြည်သူသို့ အသိပေးချပြခဲ့ခြင်း မရှိပေ။ အများပြည်သူသို့ ထုတ်ပြန်ပေးမည်ဆိုပါက ပြင်ပပုဂ္ဂိုလ်များမှလည်း ၎င်းတို့ပိုင်သည့် မြေယာများအဖြစ် ဝင်ရောက်လျှောက်ထားမှုများရှိလာနိုင်ပေသည်။ သို့သော် ထိုသို့မထုတ်ပြန် ပေးပါက သို့မဟုတ် အနိမ့်ဆုံးအနေဖြင့် လယ်သမားများကိုယ်တိုင်မှ သို့မဟုတ် ဥပဒေ အထောက်အကူပြုသူများမှတောင်းဆိုသည့်တိုင် မပံ့ပိုးပေးဘူးဆိုပါကလည်း ကာယကံရှင်များ အတွက် ၎င်းတို့ပိုင်ဆိုင်သည့်မြေယာများ ပြန်လည်ရယူရန် ရှေ့ဆက်မတိုးနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။ အဆိုပါအချက်များကြောင့်လည်း သိမ်းဆည်း မြေများ ပြန်လည်စွန့်လွှတ်သည့်အခါတွင် မူလပိုင်ရှင်မဟုတ်သူများထံသို့ "လွှဲပြောင်းပေး မိခြင်း" များ မကြာခဏ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။[12]

အငြင်းပွားနေသည့်မြေယာအား လုပ်ပိုင်ခွင့် တရားဝင်မှတ်ပုံတင်ထားသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိရှိထားပါက ဖြေရှင်းရလွယ်ကူကြောင်းကို အချို့သောမှုခင်းများတွင် တွေ့ရှိခဲ့ ရပါသည်။ ဤနည်းအားဖြင့် အပြိုင်လျှောက်ထားသူများအကြား တရားဝင်လုပ်ပိုင်ခွင့်ရရှိထား သူအား တိုက်ရိုက်ချဉ်းကပ်နိုင်စေပါသည်။ တရားဝင်လုပ်ထုံးလုပ်နည်းအားဖြင့်လည်း ထိုကဲ့သို့ သတင်းအချက်အလက်များ တောင်းခံလေ့ရှိပါသည်။[13] သို့သော် တောင်းခံမှုလျှောက်လွှာပုံစံ ရှုပ်ထွေးနေခြင်းကလည်း အမှုသည်များ မအောင်မြင်ရခြင်း၏ ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်နေပြန်သည်။ တိတိကျကျညွှန်းဆိုရလျှင် အချက်အလက်တောင်းခံသူအနေဖြင့် ၎င်းတို့ တောင်းခံသည့် မြေယာနှင့်မည်သို့ဆက်စပ်နေသည်ကို ဖော်ပြရမည့်အပြင် အထောက်အထား စာရွက်စာတမ်းများလည်း တင်ပြရမည်ဟု အချက်အလက်ထောက်ခံမှုပုံစံ၏ မေးခွန်းအမှတ်

---

[11] အစိုးရအဖွဲ့အစည်းတစ်ခု၊ စစ်တပ် သို့မဟုတ် ကုမ္ပဏီတို့မှ သိမ်းယူထားခဲ့သည့်မြေများအား ပြန်လည်စွန့်လွှတ် ရာတွင် လိုက်နာလုပ်ဆောင်ရမည့် တရားဝင်စည်းကမ်းချက်ဖြစ်သည်။

[12] ဤလုပ်ငန်းစဉ်အတွက် ဖြစ်ရပ်အလိုက်လေ့လာဆန်းစစ်မှုအဖြစ် Namati အဖွဲ့မှ ဖွန် ၂၀၁၆ တွင် ထုတ်ဝေ ခဲ့သည့် Caitlin Pierce နှင့် နွယ်နီစိုးတို့၏ "Streamliming Institutions to Restore Land and Justice to Farmers in Myanmar" ကိုလည်း ကြည့်ပါ။

[13] မြေစာရင်းပုံစံ (၁၀၃) နှင့် (၁၀၅) တို့အတွက် UN-Habitat ၏ Guidance Note on Land Issues in Myanmar ကိုလည်း ကြည့်ပါ။

(၄) တွင် ဖော်ပြထားပါသည်။ လျှောက်ထားသူနှင့် လျှောက်ထားတောင်းခံသည့် မြေယာ၏ ဆက်စပ်နေမှုကို လယ်နီးချင်းများ၏ သက်သေထွက်ဆိုချက်အား "အထောက်အထား မှတ်တမ်း"အဖြစ် လက်ခံနိုင်ခြင်းရှိမရှိကို အဆိုပါလျှောက်လွှာပုံစံတွင် တိကျစွာရည်ညွှန်း ထားခြင်းမရှိပေ။ ပိုင်ဆိုင်မှု အထောက်အထား လက်ဝယ်မရှိထားသည့် အမှုသည်များအဖို့ တရားဝင်မှတ်တမ်းများအား တောင်းခံရယူရေးမှာလည်း ဤအချက်ကြောင့်ပင် နှောင့်နှေး ကြန့်ကြာနေရသည်။

မည်သို့ပင်ဆိုစေကာမူ အမှုသည်တစ်ဦးမှ မြေယာနှင့် ပတ်သက်ဆက်စပ်နေကြောင်းကို အထောက်အထား စာရွက်စာတမ်းအပြည့်အစုံတင်ပြနိုင်သည့်တိုင် မြေယာမှတ်တမ်းများ အားရယူသုံးစွဲနိုင်ရေးမှာ စစ်တပ်မှသိမ်းယူထားခဲ့သည့် မြေဖြစ်နေပါက မြေစာရင်းဦးစီးဌာနသည် စစ်တပ်မှထိန်းချုပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာန အောက်တွင်တည်ရှိနေသောကြောင့် ပို၍ခက်ခဲတတ်ကြောင်းကို ဥပဒေအထောက်အကူပြု သူများနှင့် အမှုသည်များက ဖွင့်ဟသွား ခဲ့သည်။ မြေယာမှတ်တမ်းများကို ဥပဒေအထောက်အကူ ပြုသူများမှ ရယူအသုံးပြုနိုင်သည့် အမှုအခင်းများမှာ ကုမ္ပဏီများနှင့်ပတ်သက်နေသည့် မှုခင်းများသာဖြစ်သည်။ ပြန်လည် စွန့်လွှတ်သည့်မြေများ၏ မြေပုံများကို ဥပဒေအထောက်အကူပြုသူများအား ပြသသည့်အခါ (မိတ္တူထုတ်ပေးခြင်းမပြုပါ) တွင်လည်း အမှုရင်ဆိုင်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဓါတ်ပုံ ရိုက်ကူးသည့်အခါ၌ ၁၉၂၃ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေအရ တရားစွဲဆိုခံရမည်ဟု သတိပေးခြိမ်းခြောက်ခြင်းမျိုးကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

## ၆. ပိုင်ဆိုင်မှုအထောက်အထား လက်ဝယ်ရှိထားသည့် လယ်သမားများ မှာလည်း ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခံနေရသည်။

၁၈၆၀ ခုနှစ်တွင်ပြဋ္ဌာန်းထားခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရာဇသတ်ကြီးတွင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပြစ်ဒဏ်အမြောက်အမြား ထည့်သွင်းပေးထားသည်။ ပထမအချက် အနေဖြင့် ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ပုဒ်မ ၄၄၁ တွင် "မည်သူမဆို ပြစ်မှုကို ကျူးလွန်ရန်၊ သို့တည်းမဟုတ် ပစ္စည်းလက်ရှိဖြစ်သူ တစ်ဦးတစ်ယောက်ကိုခြောက်လှန့်ရန်၊ သို့တည်းမဟုတ် စော်ကားရန်၊ သို့တည်းမဟုတ် စိတ်ပြိုငြင်စေရန်အကြံဖြင့် သူတပါး၏ လက်ရှိ ပစ္စည်းအတွင်းသို့ဖြစ်စေ၊ အပေါ်သို့ဖြစ်စေ ဝင်ရောက်လျှင်" ဟု သတ်မှတ်ပေးထားသည်။ ဒုတိယအချက်မှာ ပုဒ်မ ၄၂၅ ဖြစ်ပြီး ၎င်းတွင်မူ "အကျိုးဖျက်ဆီးမှု" ကို ပြဋ္ဌာန်းပေးထားပြီး ထို့အတွက် လျော်ကြေးပြစ်ဒဏ်များကိုပါ ထည့်သွင်းဖော်ပြပေးထားရာ သီးနှံဖျက်ဆီးမှုလည်း ပါဝင်နေသည်။ သို့သော် "ပိုင်ဆိုင်မှု" ဆိုသည်ကို မည်သို့သတ်မှတ်မည် သို့မဟုတ် ပိုင်ဆိုင်မှု

ပစ္စည်းဆိုသည်မှာ အခြားသူပိုင်ဆိုင်သည့် မြေယာဖြစ်နေပါက မည်သို့စီရင်ဆုံးဖြတ်ရမည်တို့ကို ၁၈၆၀ ခုနှစ် ရာဇသတ်ကြီးတွင် ထည့်သွင်းဖွင့်ဆိုထားခြင်း မရှိပေ။

**"အသက်ကလည်းကြီးပြီဆိုတော့ သိမ်းခံထားရတဲ့ ကျွန်တော့် မြေလေးပြန်ရဖို့ အကြာကြီးထပ်ပြီးစောင့်မနေနိုင်တော့ပါဘူးဗျာ ..... "**

ဦးကျော်မြင့်မှာ အသက်(၈၀) ရှိပြီဖြစ်သည်။ ဦးထွန်းထွန်းထွေးမှာလည်း အသက် (၇၈)နှစ် ရှိပြီဖြစ်သည့်အပြင် ကျန်းမာရေးကလည်း ချူချာလှသည်။ စိုက်ပျိုးရေး ဝန်ကြီးဌာနသည် ၁၉၇၉ ခုနှစ်အတွင်းက ကျေးရွာအုပ်စုသုံးစုအတွင်းမှ မြေ ၈၀၄ ဧကကို သိမ်းယူခဲ့သည်။ ဝန်ကြီးဌာနမှသိမ်းယူသွားသဖြင့် မြေယာဆုံးရှုံးခဲ့ရသည့် လယ်သမား ၁၀၀ အနက် ဦးကျော်မြင့်နှင့်ဦးထွန်းထွန်းထွေးတို့လည်း ပါဝင်သည်။

သိမ်းယူခဲ့သည့်မြေများကို အစိုးရပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့ကြံလုပ်ငန်းသို့ ၂၀၀၀ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့သည်။ ထိုမြေကိုပင် မြန်မာကုမ္ပဏီတစ်ခု ဖြစ်သည့် Suttat က ၂၀၀၆ ခုနှစ်တွင် ထပ်မံ ရယူခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မှ Sutta နှင့် ဖက်စပ်လုပ်ကိုင်ခြင်းဖြင့် ထိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Delicious Foods သည်လည်း အမှုတွဲအတွင်းသို့ ပါဝင်ပတ်သက်လာသည်။

မြေသိမ်းခံခဲ့ရသည့် လယ်သမားများအနေဖြင့် ၎င်းတို့၏မြေများ ပြန်လည်ရရှိရေး အတွက် ၁၉၈၈ ခုနှစ်မှစ၍ ကြိုးပမ်းလာခဲ့ကြပြီး မြန်မာနိုင်ငံသည် ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းသည့်ကာလဖြစ်သော ၂၀၁၁ တွင်လည်း ထပ်မံ၍ တိုက်ပွဲဝင်ခဲ့ကြပြန်သည်။ ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြေယာသိမ်းဆည်းမှုများ စုံစမ်း စစ်ဆေးရေး ကော်မရှင်သည် ထိုမြေများအား မူလပိုင်ရှင်များထံသို့ ပြန်လည် လွှဲပြောင်းပေးရန် အကြံပြုတိုက်တွန်းခဲ့သည်။ Delicious Foods နှင့် Sutta ကုမ္ပဏီတို့မှ မြေ ၂၈ ဧကကို ပြန်လည်ပေးအပ်ပါမည်ဟူသော သဘောတူညီချက်ကိုရရှိသည်အထိ လယ်သမားများ အောင်မြင်ခဲ့ကြသည်။

သို့သော် လယ်သမားများအတွက် ဤအမှုသည် ရှင်းလင်းပြတ်သားသွားခြင်း မရှိခဲ့ပေ။ ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲရေး ကော်မတီသည် အဆိုပါမြေအတွက် လယ်သမားများမှ ပုံစံ(၇) လျှောက်ထားသည့် လုပ်ငန်းစဉ်ကို သုံးနှစ်ခန့်အချိန်ဆွဲလုပ်ကိုင်ခဲ့ကြသည့်အပြင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းအတွက် တစ်ဧကလျှင် တစ်သိန်းကျပ်ပေးသွင်းရမည်ဟု တောင်းဆိုလာသည်။ တရားဝင်သတ်မှတ်ထားချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားမှု လုပ်ငန်းစဉ်တစ်ခုလုံးမှာ သုံးလသာကြာမြင့်ပြီး ကုန်ကျစရိတ်အနေဖြင့်လည်း ပုံစံ(၇)တစ်ခု လျှောက်ထားမှုအတွက် ၅၀၀ ကျပ်သာ ကျသင့်ပေသည်။

လွန်ခဲ့သည့်နှစ်(၃၀)ကျော်က မိမိတို့ထံမှသိမ်းယူသွားခဲ့သည့်မြေယာများအား ပုံစံ(၇) လျှောက်ထားရယူနိုင်ရေးအတွက် ယခုကဲ့သို့ တရားမဝင်တောင်းဆိုလာသည့် ငွေကြေးများအားပေးဆောင်နိုင်ရန် လယ်သမားများသည် ၎င်းတို့၏နိုင်းနွားများအား ရောင်းချခြင်း၊ ပြင်ပမှချေးယူခြင်းတို့ဖြင့် ဖြေရှင်းပေးခဲ့ရသည်။ ဥပဒေအထောက်အကူပြုသူတစ်ဦးမှ ဤကဲ့သို့တရားမဝင်ငွေကြေးတောင်းခံမှုများအား ကြားသိရသည့်အခါ အမှန်တစ်ကယ်ပေးဆောင်ရမည့်ပမာဏ (ပုံစံ(၇) တစ်ခု အတွက် ၅၀၀ ကျပ်သာလျှင်) ကို လယ်သမားများအား ရှင်းပြပေးခဲ့ပြီး ထိုငွေများပြန်လည်တောင်းခံရန် လယ်သမားများအား တိုက်တွန်းခဲ့သည်။ သို့သော် ငွေယူထားခဲ့ကြသည့် ရပ်/ကျေး လယ်/စီကမူ ပြန်ပေးရန်ငြင်းဆန်ခဲ့သည်။

ကုမ္ပဏီမှဆက်လက်အသုံးပြုခြင်းမရှိတော့သဖြင့် ထိုမြေပေါ်တွင် သီးစားခပေး၍လုပ်ကိုင်နေကြသည့်လယ်သမားများက ယခုအခါ မူလပိုင်ရှင်များအား ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုလျှက်ရှိသည်။ မူလပိုင်ရှင်များက ၎င်းတို့လျှောက်ထားရယူထားခဲ့သည့် ပုံစံ(၇) များကို တရားရုံးသို့တင်ပြခဲ့သော်လည်း ပယ်ချခံခဲ့ရသည်။ အကျိုးဆက်အနေဖြင့် မူလပိုင်ရှင်ဖြစ်သည့် လယ်သမားများမှာ မိမိတို့ရွာမှ တစ်နာရီခန့်သွားရောက်ရသည့် မြို့နယ်တရားရုံးသို့ တစ်ပါတ် သို့မဟုတ် နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် သွားရောက်၍အမှုရင်ဆိုင်နေရသည်မှာ ၂၀၁၅ ခုနှစ်မှ ယနေ့အချိန်အထိပင်ဖြစ်သည်။

မိမိပိုင်ဆိုင်ခွင့်ရှိသည်ဟု လက်ခံယုံကြည်ထားပြီး အခြားသူများမှ ထွန်ယက်လုပ်ကိုင်နေသည့် မြေများအပေါ်တွင် "ထွန်တုံးတိုက်ပွဲ" ဆင်နွှဲခဲ့သဖြင့် မူလပိုင်ရှင်လယ်သမားများ တရားစွဲဆိုခံရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့ကို မြန်မာနိုင်ငံအဝှမ်းတွင် ကြားသိမြင်တွေ့နေရသည်။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသင့်သည်ဟု အုပ်ချုပ်ရေးပိုင်းမှ အနိုင်ပေးဆုံးဖြတ်ချက်ရရှိခဲ့သည့် မူလပိုင်ရှင်လယ်သမားများသည်ပင် လက်ရှိလက်ငုတ်လယ်သမားများ၏ တရားစွဲဆိုမှုကြောင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေရသည့်မှုခင်းများလည်း ရှိနေသေးသည်ကို Namati ၏ မိတ်ဖက်များနှင့် ဥပဒေအထောက်အကူပြုသူများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ထိုကဲ့သို့ အမှုအခင်းမျိုးတွင် တရားရုံးစရိတ်တရားဝင်ကုန်ကျငွေမှာ ၆၀၀၀၀၀ ကျပ်ခန့်ရှိပြီး ထိုအထဲတွင် ခရီးသွားလာမှုကုန်ကျစရိတ်၊ အလုပ်အကိုင်ပျက်သဖြင့် ဝင်ငွေလျော့နည်းမှုများအား ထည့်သွင်းတွက်ချက်ထားခြင်း မရှိသေးပေ။

### င. မြေယာသိမ်းဆည်းခံရမှုများအား ဖြေရှင်းပေးရာတွင် စည်းစနစ်တကျ ရှိစေရေးအတွက် ရည်ရွယ်ရေးဆွဲထားသည့် မူဝါဒအချို့သည် ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို မျက်ကွယ်ပြုလျှက်ရှိသည်။

မြေယာတစ်ခုအပေါ်တွင် လွန်ခဲ့သည့်ငါးနှစ်အတွင်း စဉ်ဆက်မပြတ်လုပ်ကိုင်လာခဲ့သည့် လယ်သမားအား ပိုင်ရှင်အစစ်အမှန်အဖြစ် မှတ်ယူရမည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ [14] သို့ဆိုလျှင် အဆိုပါမြေအပေါ်တွင် နှစ်ကာလရှည်ကြာစွာလုပ်ကိုင်လာခဲ့သည့် မြေယာပိုင်ဆိုင်မှုမှတ်တမ်း သို့မဟုတ် စာရွက်စာတမ်းများသည် အကျုံးမဝင်တော့ပေ။ ရောဂတီတိုင်းဒေသကြီးအတွင်း၌ ပေါ်ပေါက်ခဲ့သည့် လယ်ယာအငှားလုပ်ကိုင်သူနှင့် "မူလပိုင်ရှင်" လယ်သမားများအကြား မြေယာအငြင်းပွားမှုများအား ဖြေရှင်းပေးရာတွင် မြေယာစီမံခန့်ခွဲမှုကော်မတီများသည် ဤစည်းမျဉ်းကို လိုက်နာကျင့်သုံးခဲ့ကြသည်။ လမ်းညွှန်ချက်များထားရှိခြင်းကြောင့် အထောက်အကူ ရနိုင်သည်ဆိုသော်ငြား အစိုးရ၏ စီးပွားရေးမူဝါဒအပြောင်းအလဲ၊ တရားဝင်နှင့် တရားမဝင် မြေယာပိုင်ဆိုင်မှု စသည့်ရာဇဝင်များကို ထည့်သွင်းစဉ်းစားခြင်းမပြုသည့် အထက်ပါ လမ်းညွှန်ချက်မှာမှု တစ်ဖက်သတ်ဆန်လွန်းသည်ဟု သုံးသပ်ရပါမည်။

ထို့အပြင် အသစ်ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့်အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများအတွက်ကိုလည်း ဤလမ်းညွှန်ချက်က သက်ရောက်နိုင်နေသေးသဖြင့်

---

[14] အထူးညွှန်ကြားချက်အမှတ် ၁/၆၄ ၏ နောက်ဆက်တွဲဖြစ်သည်။ လွန်ခဲ့သည့်ငါးနှစ်အတွင်း စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း မရှိသည့် လယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူဟု သတ်မှတ်ခြင်းမပြုရဟူ၍ အဆိုပါ ညွှန်ကြားချက်တွင် ရည်ညွှန်းဖော်ပြပေးထားပါသည်။

မူလပိုင်ရှင်များအတွက် ဆိုးကျိုးများပေါ်ပေါက်လာနိုင်ပါသေးသည်။ သိမ်းဆည်းမြေယာများ ပြန်လည်ပေးအပ်ခြင်းမှာ မြန်မာနိုင်ငံအတွက် အထူးအဆန်းတော့ မဟုတ်လှပေ။ လွန်ခဲ့သည့် လေးနှစ်ခန့်ကဖြစ်သော ၂၀၁၃ တွင်လည်း ၁၈၉၄ မြေသိမ်းအက်ဥပဒေအရ မြေယာသိမ်းယူ ထားခဲ့ကြသည့် ကုမ္ပဏီများ၊ ဝန်ကြီးဌာနများနှင့် စစ်တပ်တို့သည် ၎င်းတို့သိမ်းယူထားခဲ့သည့် မြေများကို "စွန့်လွှတ်ရန်" သို့မဟုတ် နိုင်ငံတော်အားပြန်လည်အပ်နှံရန် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သေးသည်။ သို့သော် ထိုသို့စွန့်လွှတ် ခဲ့ရာတွင် တရားဝင်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းမရှိသည့် ဖြစ်ရပ်များ အမြောက်အမြား ရှိခဲ့ပါသည်။ ထို့အပြင် မြေပြန်ပေးရာတွင်လည်း မူလပိုင်ရှင်များ ထံသို့ မရောက်ရှိခဲ့ကြပေ။ ယခင်က မည်သည့်အဖွဲ့အစည်းမှ သိမ်းယူခဲ့သည့် (နောက်ပိုင်းတွင် ပြန်လည်စွန့်လွှတ်ခဲ့သည့်)မြေယာများ ဖြစ်စေကာမူ ထိုမြေပေါ်တွင် သီးစားခပေး၍ လုပ်ကိုင်ခဲ့ ဖူးသူများမှာလည်း ထိုမြေတွင်ပင် ဆက်လက်စိုက်ပျိုးလုပ်ကိုင်လျက်ပင်ရှိသည်။ ဆိုလိုသည်မှာ ငါးနှစ်ဆက်တိုက်လုပ်ကိုင်လျက်ရှိသူ ဟူသောစည်းကမ်းသတ်မှတ်ချက်ကို မကြာမီပြည့်မီ တော့မည့် အနေအထားသို့ ရောက်ရှိနေခြင်းပင်ဖြစ်သည်။

ပြည်၊ ရောဂတီနှင့် ရှမ်း(တောင်)မှ လယ်ယာမြေနှင့်အခြားမြေ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်းကြည့်သည့်အခါ မည်သို့သောမှုခင်းမျိုးကို ပထမဦးဆုံး ကြားနာသင့်သည်ဟူသော သတ်မှတ်ချက်မှာ ကော်မတီတစ်ခုနှင့်တစ်ခု မတူညီ ကြကြောင်း လေ့လာသိရှိရပါသည်။ ပြည်မြို့တွင်မူ စစ်တပ်နှင့်မသက်ဆိုင်သော မှုခင်းများအား ဦးစားပေးကြားနာစစ်ဆေးလျက်ရှိပြီး ရှမ်းပြည်နယ်တွင်မူ မည်သည့်ညွှန်ကြားချက်မျှ ပေးအပ် ထားခြင်းမရှိသေးပေ။ အချို့ဒေသများတွင်မူ ဦးစားပေးသတ်မှတ်ချက်များမှာ အချိန်ကာလအလိုက် ပြောင်းလဲလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ အစပိုင်းတွင် စစ်တပ်မှသိမ်းယူထားခဲ့ပြီး ငါးကန်လုပ်ငန်း လုပ်ကိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မြေပြန်လည်ရောင်းချမှုကိုလည်း ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် ပဲခူးတွင်ကြုံတွေ့ခဲ့ရပါသည်။ မြေအသိမ်းခံခဲ့ရသည့် လယ်သမား များက ပြည်ထောင်စုလွှတ်တော်မှ စုံစမ်းစစ်ဆေးရေးကော်မရှင်ထံသို့ ၂၀၁၂ ခုနှစ်တွင် တင်ပြ တိုင်တန်းခဲ့သော်လည်း ကော်မရှင်အနေဖြင့် စစ်တပ်နှင့်သက်ဆိုင်သည့် မှုခင်းများကိုသာ ဦးစားပေးကိုင်တွယ်လျက်ရှိပြီး ကုမ္ပဏီများပါဝင်ပတ်သက်နေသည့် သို့မဟုတ် ပုဂ္ဂလိက အမှု အခင်းများအား မဖြေရှင်းပေးနိုင်သေးပါဟု အကြောင်းပြန်လာသည်။ အကျိုးဆက်အနေဖြင့် လယ်သမားများမှာ ယန္တရားအသစ်များ ဖွဲ့စည်းပြီးသည့်အချိန်အထိ လေးနှစ်ခန့်စောင့်ဆိုင်း နေခဲ့ရသည်။ ထိုမြေများကို မူလသိမ်းယူခဲ့သူမှာ စစ်တပ်ဖြစ်နေသောကြောင့် အသစ်ဖွဲ့စည်း ထားသည့် ပြန်လည်စိစစ်ရေးကော်မတီများနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့သို့ မြေပြန်လည် ရရှိရေးကို ထပ်မံလျှောက်ထားကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း လယ်သမားများ လက်ခံ

ရရှိခဲ့သည့်အကြောင်းပြန်ချက်မှာ ထပ်မံစောင့်ဆိုင်းပါရန်နှင့် ယခုအခါ စစ်တပ်နှင့်ပတ်သက်နေသည့် မှုခင်းများအား ပထမဦးစားပေးအဖြစ် မဖြေရှင်းပေးနိုင်သေးပါကြောင်းပင်ဖြစ်သည်။

# ၄ - အစိုးရသို့ အကြံပြုတင်ပြချက်များ

၁။ အစိုးရ၏ အငြင်းပွားမှုများဖြေရှင်းပေးရေး စည်းစနစ်များသည် ဥပဒေသတ်မှတ်ချက်နှင့် ညီညွတ်သည့် ပိုင်ဆိုင်မှုအထောက်အထားများအား အသိအမှတ်ပြုပေးသင့်ပြီး အထောက်အထားစာရွက်စာတမ်း မရှိသည့် (သို့မဟုတ် မပြည့်စုံသည့်) ကိစ္စရပ်များတွင်လည်း တရားမျှတမှုအတွက် လျော့ပေါ့စဉ်းစားပေးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။ သက်သေထွက်ဆိုချက်များအား အထောက်အထားတစ်ခုအဖြစ် အသိအမှတ်ပြုလက်ခံပေးခြင်းမှာ တိုးတက်မှုတစ်ရပ်ပင် ဖြစ်သည်။ အကယ်၍ သိမ်းဆည်းခံထားရသည့် မြေယာများအား ပြန်လည်မပေးနိုင်သည့် ဖြစ်ရပ်မျိုးတွင် မြေသိမ်းခံလယ်သမားများအား အထောက်အထားခိုင်လုံပါက (စာရွက်စာတမ်း ဖြစ်စေ သို့မဟုတ် သက်သေထွက်ဆိုချက်များ ဖြစ်စေ) လျော်ကန်သင့်မြတ်သည့်၊ ဈေးကွက် ပေါက်ဈေးအတိုင်း လျော်ကြေးငွေများ ပေးအပ်နိုင်ရန် နောက်တစ်ဆင့်တက်လှမ်း၍ ကြိုးပမ်းရပါဦးမည်။ မြေယာပိုင်ဆိုင်ခွင့်ကို အပြိုင်လျှောက်ထားသူ များပြားသည့်ဖြစ်ရပ်မျိုးတွင် အချို့သူများက အထောက်အထားစာရွက်စာတမ်းများ ရှိထားပြီး အချို့ကလည်း သက်သေထွက်ဆိုချက်ခိုင်မာမှုများရှိထားသည့်အခါများ၌ မှုခင်းများဖြေရှင်းပေးသည့် စနစ်များတွင် ညှိနှိုင်းဖြန်ဖြေမှုလုပ်ငန်းစဉ်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသင့်ပါသည်။

၂။ NLD အစိုးရအနေဖြင့် ပြန်လည်စိစစ်ရေးကော်မတီများ လုပ်ငန်းအောင်မြင်ရေးကို လိုလားပါက စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ဒေသန္တရအဆင့် ထွေ/အုပ် (ပြည်ထဲရေးဝန်ကြီးဌာန) တို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေခွဲဝေချထားမှုကို မြှင့်တင်ပေးသင့်ပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်းက စိုက်ပျိုးရေးလုပ်ငန်းအတွက် နိုင်ငံတော်၏ အသုံးစရိတ်မှာ အစိုးရအသုံးစရိတ်စုစုပေါင်း၏ ၂ - ၅ % သာ ရှိခဲ့သည်။ အစိုးရအသစ်အနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ကို ပထမဦးဆုံးအကြိမ်အဖြစ် ရေးဆွဲပြုစုလျက်ရှိပါသည်။ ၂၀၁၆ -၂၀၁၇ အသုံးစရိတ်များနှင့် ဦးစားပေး မူဝါဒများအတွက်ကို လွန်ခဲ့သည့် အစိုးရ၏ နောက်ဆုံးဘတ်ဂျက်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ မြေယာပြဿနာများအား ဖြေရှင်းပေးနိုင်ရေး၊ လက်တွေ့ဖော်ဆောင်မည့် အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များ တည်ဆောက်ခြင်းတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သက်သေပြနိုင်ရန် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်သည် NLD အစိုးရအတွက် ပထမဦးဆုံးသော အခွင့်အလမ်းတစ်ခု ဖြစ်လာနိုင်

ပါသည်။ ပြန်လည်စိစစ်ရေးကော်မတီများအနေဖြင့်လည်း ၎င်းတို့ကို တာဝန်ပေးအပ်ထားသည့် မြေပြင်ကွင်းဆင်း၍ စစ်ဆေးမှုများဆောင်ရွက်ရန်အတွက်သာမက ဆုံးဖြတ်ရခက်ခဲသည့် အငြင်းပွားမှုများအား ဖြန်ဖြေညှိနှိုင်းပေးနိုင်ရေးတို့အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ရေးတို့အတွက် ရန်ပုံငွေများ လိုအပ်လျက်ရှိနေပါသည်။

၃။ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် တိကျခိုင်လုံသည့် အချက်အလက်များ (ဥပမာ - မြေပုံညွှန်းများ) ကို အများပြည်သူသို့ ထုတ်ပြန်ပေးခြင်းနှင့် မျှဝေပေးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။ ဥပဒေကြောင်းအရ တရားဝင်သတ်မှတ်ချက်တစ်ခုဖြစ်သော တစ်စုံတစ်ဦးမှ ပုံစံ(၇) လာရောက်လျှောက်ထားသည့်အခါတွင် အများပြည်သူသို့ ချပြအသိပေးချက် ထုတ်ပြန်သည့်အခါတွင်မှသာ "၎င်းတို့ပိုင်ဆိုင်သင့်သည့်" မြေများသည် စွန့်လွှတ်မြေအုပ်စုတွင် ပါဝင်နေကြောင်းကို လယ်သမားများ သိရှိလာရသည်ဟု မြေပြင်ရှိလက်တွေ့ဖြစ်စဉ်များအရ လေ့လာတွေ့ရှိရသည်။ ဤဖြစ်ရပ်မျိုးတွင် မူလပိုင်ရှင်လယ်သမားအဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်ခိုင်မာသွားနိုင်သည့် ပုံစံ(၇)အား အခြားသူများ လျှောက်ထားရယူခြင်းမပြုမီ အလျင်အမြန်လျှောက်ထားဖို့လိုလာပါသည်။ မြေယာနှင့်ပတ်သက်သည့်သတင်းအချက်အလက်များနှင့် မြေပုံများအား ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီပြင်ဆင်ခြင်း၊ အများပြည်သူမှ အလွယ်တကူရယူအသုံးပြုနိုင်စေရန် ထုတ်ပြန်ပေးခြင်းတို့အပါအဝင် မြေယာဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ရည်မှန်းချက်များအား ၂၀၁၆ တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် အမျိုးသားအဆင့် မြေယာအသုံးချမှု မူဝါဒ၏ အခန်း(၃) တွင် လမ်းညွှန်ထည့်သွင်းပေးထားပါသည်။ ထိုလမ်းညွှန်ချက်တွင် ပြန်လည်စွန့်လွှတ်သည့်မြေယာများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အတိအကျတို့အပြင် မြေစာရင်းဦးစီးဌာန၏ စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ဖြစ်သော ပိုင်ဆိုင်မှုလျှောက်ထားလာသည့်အခါတွင် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ပေးခြင်းတို့လည်း ပါဝင်နေသည်။ အမျိုးသားအဆင့် မြေယာအသုံးချမှု မူဝါဒ၏ ဤကဏ္ဍကို မူဝါဒအဆင့်တွင်သာမကဘဲ ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးမှာလည်း အလွန်အရေးကြီးပေသည်။

၄။ တရားရေးဝန်ထမ်းများအတွက် မြေယာဥပဒေနှင့် မြေယာအခွင့်အရေးများကို သီးသန့် သင်တန်းပေးလေ့ကျင့်မှုများ ဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံအတွင်း မြေယာနှင့်ဆက်စပ်နေသည့် ဥပဒေများနှင့် ပြဿနာများ၏ သိမ်မွေ့ရှုပ်ထွေးမှု၊ တရားစီရင်ရေးစနစ်တွင် မြေယာကဏ္ဍကျွမ်းကျင်သူများ လိုအပ်နေမှုတို့ကို အသိအမှတ်ပြုသည့်အနေဖြင့် မြေယာနှင့်ဆက်စပ်ပတ်သက်နေသည့် မှုခင်းများအား ဖြေရှင်းပေးနိုင်ရန် "အထူးတရားရုံးများ" ထားရှိသင့်သည်ဟု အမျိုးသားအဆင့်မြေယာအသုံးချမှု မူဝါဒတွင် ထည့်သွင်းအကြံပြုထားပါသည်။ ထိုအဆင့်သို့မရောက်မီ ကြားကာလဖြေရှင်းမှုအဖြစ် တရားသူကြီးများကိုလည်း

မြေယာဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ (ဥပမာ - ပုံစံ (၇) ) ကို ပိုမိုနားလည်နိုင်စေရန် လေ့ကျင့်သင်တန်းပေးထားသင့်သည်။ ပုံစံ (၇) လက်ဝယ်ရှိထားသူများအား ၎င်းတို့နှင့်သက်ဆိုင်သည့်မြေယာအပေါ်တွင် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် ပြစ်ဒဏ်များ မချမှတ်သင့်ပေ။

**၅။ အသစ်ဖွဲ့စည်းလိုက်သည့် ပြန်လည်စိစစ်ရေး ကော်မတီများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာပြီး ချပြညှိနှိုင်းမှုလုပ်ငန်းစဉ်များ ပါဝင်သင့်ပါသည်။** ကော်မတီများသည် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် တစ်ခုနှင့်တစ်ခုမတူညီကြဘဲ ကိုယ်ပိုင်နည်းလမ်းများအသုံးပြုတတ်ကြသည်ကို ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများတွင် လေ့လာမှတ်သားခဲ့ရပါသည်။ အချို့ကော်မတီများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်ပိုင်းများအား စာရင်းပြုစုထားပြီး မဲပေးရွေးချယ်မှုစနစ်ဖြင့် သတ်မှတ်ကြသကဲ့သို့ အချို့ကော်မတီများကမူ ၎င်းတို့နှင့် အလုပ်တွဲလုပ်ဖူးသူ၊ ပုဂ္ဂိုလ်ရေးရင်းနှီးမှုရှိသူများကိုသာ ရွေးချယ်သတ်မှတ်တတ်ကြသည်။ အဆိုပါ ဒေသခံကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်နှင့် ဂုဏ်ရှိရားများကို စနစ်တကျသတ်မှတ်ထားခြင်း မရှိပေ။ အများစုကမူ ၎င်းတို့၏တာဝန်သည် သတင်းအချက်အလက်များ ထပ်မံလိုအပ်သည့်အခါနှင့် ကော်မတီ၏ဆုံးဖြတ်ချက်များအား အသိပေးလိုသည့်အခါတွင် လယ်သမားများအား ဆက်သွယ်ပြန်ကြားပေးရုံအတွက်သာဟု မှတ်ယူထားကြသည်။ ခိုင်လုံသည့် အထောက်အထားများ စုဆောင်းရရှိသည့်တိုင် အမှုအခင်း ဆုံးဖြတ်ချက်ရလဒ်များအပေါ် လွှမ်းမိုးနိုင်သည့်အနေအထား အများအပြားရှိနေတတ်သဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံကိုယ်စားလှယ်များ ရွေးချယ်ခန့်ထားမှုအတွက် ပွင့်လင်းမှုတသည့်လုပ်ငန်းစဉ်များ ရှိထားသင့်ပါသည်။ ထို့အပြင် စာရွက်စာတမ်းအထောက်အထား မတင်ပြနိုင်သည့် အမှုအခင်းမျိုးတွင် ပိုင်ဆိုင်ခွင့်လျှောက်ထားလာသူများအား သတင်းအချက်အလက် ပြန်ကြားပေးရုံသက်သက်မဟုတ်ဘဲ အမှုအခင်းများအား စုံစမ်းစစ်ဆေးခြင်း၊ ကူညီဖြေရှင်းပေးခြင်းတို့အတွက် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသင့်ပါသည်။

# ၅ - အသုံးပြုခဲ့သည့် နည်းလမ်းများ

ဤစာတမ်းပါ အရည်အတွက်အထူးပြု အချက်အလက်များအား Namati ၏ ဥပဒေအထောက်အကူပြုသူများမှ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၆ ဒီဇင်ဘာလအထိ ကောက်ယူထားခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအချက်အလက်များမှာလည်း ဥပဒေအထောက်အကူပြုသူများကိုယ်တိုင် ကူညီဖြေရှင်းပေးခဲ့ရသည့် မြေယာပြဿနာများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဥပဒေအထောက်အကူပြုသူများသည် Namati ၏ စီမံကိန်းဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့တွင်တည်ရှိကြပြီး ကာယကံရှင်အမှုသည်များမှတောင်းဆိုလာပါက အမှုအခင်းများအားတရားဥပဒေကြောင်းအရ ဖြေရှင်းပေးနိုင်ရန် ပံ့ပိုးကူညီပေးလျှက်ရှိပါသည်။ ဤစာတမ်းထဲတွင်ဖော်ပြထားသည့် အချက်အလက်အစုများအား အပြည့်အဝလွှမ်းခြုံထားခြင်း သို့မဟုတ် ကျပန်းကောက်ယူထားခြင်းတို့ဖြင့် စုဆောင်းထားခြင်းမဟုတ်ပါ။ ထို့အပြင် ဤအချက်အလက်များမှာပြီးပြည့်စုံသည် သို့မဟုတ် မြန်မာနိုင်ငံအတွင်းရှိ မြေယာပြဿနာအားလုံးကို ကိုယ်စားပြုသည်ဟူ၍လည်း မမှတ်ယူသင့်ပါ။ မြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းထားသည့် ဥပဒေများအား လက်တွေ့အသုံးပြုနေကြသူများ၊ မှုခင်းပေါင်း ၃,၅၀၀ ကျော်၏ အရည်အသွေးနှင့် အရည်အတွက်အထူးပြု အချက်အလက်များအား လှစ်ဟပြခြင်းတစ်ခုသာဖြစ်ပါသည်။ ဥပဒေအထောက်အကူပြုသူများသည် မှုခင်းတစ်ခုချင်းစီအတွက် အချက်အလက်ပေါင်း (၆)ဒါဇင်ခန့်ကို ကောက်ယူမှတ်တမ်းတင်ထားကြခြင်းဖြစ်ပါသည်။ အမှုတစ်ခုချင်းနှင့်ပတ်သက်ဆက်နွယ်နေသည့် အရည်အသွေးပြည့်မီသည့် သတင်းအချက်အလက်များဖြစ်သော ရပ်ရွာအတွင်းမှ ပါဝင်ပတ်သက်မှုများနှင့် အစိုးရ၏ဗျူရိုကရက်ဆန်ဆန် လုပ်ငန်းစဉ်များ စသည်တို့ကိုလည်း ဂရုပြုလေ့လာခဲ့ကြပါသည်။ ကျေးရွာအဆင့်နှင့် မြို့နယ်အဆင့်မှ အစိုးရတာဝန်ရှိသူများကိုလည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရုံသာမက ဥပဒေအထောက်အကူပြုသူများ၊ အမှုသည်များနှင့်လည်း ဦးတည်အုပ်စု ဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်ခဲ့ပါသည်။

# Namati အဖွဲ့အကြောင်း

Namati သည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဥပဒေရေးရာ အသိအမြင်ဖွင့်ပေးခြင်းနှင့် ကိုယ်တိုင်လုပ်ကိုင်တတ်လာစေရေးကို ဖြည့်ဆည်းပေးလျှက်ရှိပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းလေးထောင်ခန့်သည် ဥပဒေအကာအကွယ်ပေးမှု၏ပြင်ပတွင်ရောက်ရှိနေသောကြောင့် Namati အနေဖြင့် ဥပဒေကို အများပြည်သူ၏လက်ဝယ်သို့ရောက်ရှိရေး ဆောင်ကြဉ်းပေးရန် သန္နိဌာန်ချမှတ်၍ဆောင်ရွက်နေပါသည်။ Namati သည် "ရပ်ရွာအခြေပြု ဥပဒေ အထောက်အကူပြုသူများ" ပေါ်ထွက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ထိုသူများသည် ရေးဆွဲပြဌာန်းထားသည့် ဥပဒေများနှင့် အများပြည်သူတို့၏ နေ့စဉ်ဘဝတွင် အဆိုပါဥပဒေများ လက်တွေ့ဖော်ဆောင်မှုတို့အကြား ကွာဟနေမှုများကို ပေါင်းကူးဆက်စပ်ပေးနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် လက်တွဲဖော်ဆောင်သွားကြမည်ဖြစ်သည်။ Namati အဖွဲ့သည် မြေယာလုပ်ပိုင်ခွင့်များ အကာအကွယ်ပေးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပီပြင်စွာဖော်ဆောင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံသားဖြစ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ လုံခြုံခိုင်မာရေးတို့အတွက် တက်ကြွအားကောင်းသည့် လုပ်ဖော်ကိုင်ဖက်ပေါင်း ၄၀၀၀ ကျော်နှင့်လက်တွဲကာ နိုင်ငံ(၈)နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ဥပဒေများနှင့် အဆိုပါဥပဒေကိုဖော်ဆောင်မည့် အဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအရ ကြီးမားသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန်အတွက် အောက်ခြေလူမှုအဖွဲ့အစည်း၏ အတွေ့အကြုံများအပေါ်အခြေခံ၍ ထပ်ဆင့်ဖန်တီးပေးလျှက်ရှိပါသည်။

မြေယာအခွင့်အရေးများ (မှတ်ပုံတင်ခြင်း၊ မြေအတန်းအစားပြန်လည်သတ်မှတ်ခြင်း၊ မြေယာသိမ်းဆည်းခံရမှု)ကို ဦးတည်လုပ်ဆောင်နိုင်ရန်အတွက် Namati အဖွဲ့သည် မြန်မာနိုင်ငံတွင် စီမံကိန်းရုံးတစ်ခုကို ၂၀၁၃ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ပြည်တွင်းမှ ဒေသခံအဖွဲ့အစည်းခြောက်ခုနှင့် မိတ်ဖက်ဖွဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် (၇) ခုရှိ လယ်သမားများအတွက် ဝန်ဆောင်ပံ့ပိုးပေးလျှက်ရှိသည့် ဥပဒေအထောက်အကူပြုသူ ၉၀ ပါဝင်သော ကွန်ယက်တစ်ခုကို ကူညီပံ့ပိုးလျှက်ရှိပါသည်။ ယနေ့အထိ Namati နှင့် မိတ်ဖက်အဖွဲ့များမှ ကူညီပံ့ပိုးမှုကြောင့် မြန်မာနိုင်ငံအတွင်းမှ လူဦးရေ ၂၁၀၀၀ ခန့်သည် ၎င်းတို့၏မြေယာပိုင်ဆိုင်ခွင့်များကို လျှောက်ထားရယူနိုင်ခဲ့ကြပြီးဖြစ်ပါသည်။

# မှတ်တမ်းတင်ဂုဏ်ပြုလွှာ

ဤအကျဉ်းချုပ်စာတမ်းကို Namati အဖွဲ့မှ Caitlin J. Pierce နှင့် ကိုညီညီထွေးတို့မှ အဖွဲ့သားများ၏ ပိုင်းဂန်းပံ့ပိုးမှုနှင့်အတူ သုတေသနပြုရေးသားထားခြင်းဖြစ်ပါသည်။ စာရေးသူများအား caitlinpierce@namati.org နှင့် nyinyihtwe@namati.org တို့သို့ ရေးသားဆက်သွယ်နိုင်ပါသည်။ Namati ၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော လုပ်ငန်းများမှာ ပြည်တွင်းမှ အားကောင်းခိုင်မာသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် စိတ်အားထက်သန်လှသည့် ဥပဒေအထောက်အကူပြုသူများအပေါ်တွင် အားပြုလုပ်ဆောင်လျှက်ရှိနေပါသည်။ လက်ရှိ မိတ်ဖက်အဖွဲ့အစည်းများမှာ အထက်ချင်းတွင်း လူငယ်များကွန်ယက် (စစ်ကိုင်းတိုင်းဒေသကြီး)၊ Green Peasant Institute (ဧရာဝတီတိုင်းဒေသကြီး) ၊ လူ့အခွင့်အရေး စောင့်ကြည့်ကာကွယ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)၊ မျှဝေကရုဏာ (ဧရာဝတီတိုင်းဒေသကြီး)၊ Civil and Political Rights Campaign Group (နိုင်ငံအဆင့်) ၊ သံလွင်သစ္စာ (ရှမ်းအရှေ့) နှင့် မြေယာမဏ္ဍိုင်အဖွဲ့ (နိုင်ငံအဆင့်)တို့ ဖြစ်ပါသည်။